"မျှော်လင့်ခြင်းမျက်ရည်များ"




လှပ၍စိတ်ချမ်းမြေ့ဖွယ် အဖြစ်အပျက်တစ်ခုကို ကျွန်တော်ဖြတ်သန်းခဲ့ရသည်။ ပြီးခဲ့သော တနင်္ဂနွေနေ့တွင် ကျွန်တော်အပါအဝင်၊ လူပေါင်း ၂၀၀ခန့်သည် အမေရိကန်တွင် ၆နှစ်ကြာ မဆုတ်မနစ်ကြိုးစား၍ ဘွဲ့ယူနိုင်ခဲ့ပြီဖြစ်သော မြန်မာပြည်မှ အသက် ၄၇နှစ်အရွယ်ပုဂ္ဂိုလ်တစ်ဦးကို ဂုဏ်ပြုရန်စုဝေးနေခဲ့ကြသည်။ ထိုသူသည်လည်း အနာဂတ်တွင် မြန်မာပြည်သို့ပြန်၍ မိမိလူမျိုးအတွက် အစေခံရန်ရည်ရွယ်လျက်ရှိနေသည်။
ဤအရာက သူ့အတွက်ကြီးမားသည့် အောင်မြင်မှုဖြစ်ကြောင်း သူ၏မျက်ရည်များက သက်သေခံလျက် ရှိသည်။ ပညာသင်ယူနေစဉ်တစ်လျှောက်လုံး ကိုဗစ်ကပ်ဘေး၊ မြန်မာပြည်တွင်ကျန်ရစ်ခဲ့သည့်မိသားစု ဝင်များ၏အရေး၊ မသေချာမရေရာသည့်အခြားပြဿနာ စသည့်အခက်အခဲများကြားတွင် သူနှင့် အတူ ကူညီရပ်တည်ပေးခဲ့သည့်သူများကို အမှန်ပင်ကျေးဇူးတင်နေကြောင်း သူ၏အမူအရာနှင့်စကားလုံးများ ကဖော်ပြနေသည်။ မိသားစုဝင်များ၊ အသင်းတော်နှင့် အခြားသောသူများ၏ ပေးဆပ်မှု၊ ကူညီပေးလှူမှု၊ ကြင်နာမှု၊ အနစ်နာခံမှုများကြောင့်သာမဟုတ်လျှင် သူဤကဲ့သို့ဘွဲ့ယူနိုင်မည်မဟုတ်ကြောင်း ဖော်ပြသွား ခဲ့သည်။ သူ့ဝမ်းသာမျက်ရည်ကျသည့်နည်းတူ ကျွန်ုပ်လည်းမျက်ရည်ကျမိပါသည်။ ဤအကြောင်းကိုစဉ်းစားရင်း မြန်မာပြည်ရှိလူပေါင်းများစွာသည်လည်း ခက်ခဲသော အချိန်ကာလတွင် မိမိတို့ပန်းတိုင်၊ ရည်မှန်းချက်များ အောင်မြင်ရန်အပတ်တကုတ်ကြိုးစားနေရပုံ၊ ထိုသို့အောင်မြင်စေရန် နောက်ကွယ်မှ ကူညီထောက်မပေးနေကြသည့် ချစ်ရသောသူများအကြောင်းကိုလည်း တစ်ဆက်တည်း စဉ်းစားနေမိသည်။ ဤသို့အောင်မြင်ခြင်းက အိမ်သူအိမ်သားများ၊ နောက်ကွယ်မှကူညီထောက်မပေးနေ သူများအတွက်လည်း မည်မျှအဓိပ္ပာယ်ရှိနေကြောင်းကိုတွေ့မြင်ခဲ့ရပါသည်။ ထိုသို့ကူညီထောက်မပေးသူ များသည် မိမိတို့ကိုယ်ကျိုးအတွက်သာ လုပ်ဆောင်ရှင်သန်နေကြခြင်းမဟုတ်ဘဲ၊ အခြားသူတို့၏ ကောင်းကျိုးအတွက်လည်းလုပ်ဆောင်နေကြသူများဖြစ်သည်။ မိမိတို့ကို ခေါင်းဆောင်၊ ဆရာ၊ အမှုတော်ဆောင်များ၊ ကူညီထောက်မသူများအဖြစ် ရှုမြင်မျှော်ကြည့်နေသူများအတွက် အကောင်းဆုံး လုပ်ဆောင်နေခြင်းလည်းဖြစ်သည်။ တစ်ဆက်တည်းမှာပင် ဤမတ်လအတွင်း ကျမ်းစာကျောင်းအသီးသီးမှဘွဲ့ယူနိုင်ခဲ့ကြသော သူအားလုံး ကိုလည်း ဂုဏ်ပြုလိုက်ရပါသည်။ခက်ခဲသောအခြေအနေမှာပင် နှစ်ပေါင်းများစွာ ကြိုးစားသင်ယူ၍ အနှစ်နာခံခဲ့ကြသော ကျောင်းသူ/သားများအတွက် အမှန်တကယ်ဂုဏ်ယူမိပါသည်။ ချီးမြှောက်ခြင်းနှင့် ကျေးဇူးတော်ချီးမွမ်းဖို့ ထိုက်တန်လှပါသည်။ သင်တို့အတွက်ဝမ်းမြောက်ဂုဏ်ယူမိသလို၊ ဘုရားသခင်နှင့် လူများအတွက် ကောင်းသောအစေခံများဖြစ်လာရန်လည်း ကျွန်ုပ်ဆုတောင်းပေးနေပါသည်။

ထိုနည်းတူ မြန်မာပြည်သူ၊ပြည်သားများသည်လည်း ယနေ့အတွက်ရုန်းကန်၍ရှေ့ဆက်မည်လော့၊ သို့မဟုတ်အရှုံးပေးလိုက်မည်လော့ဟူသော ဆုံးဖြတ်ချက်များဖြင့် နေ့စဉ်ဖြတ်သန်းနေကြရသည်။ နေရပ်စွန့်ခွာ ထွက်ပြေးကြရသူများ၊ ဒုက္ခသည်များ၊ မိသားစုဝင်ဆုံးရှုံးလိုက်ရသူများ၊ ပြိုပျက်နေသည့်အိမ်ကိုပြန်ဆောက်နေရသူများ၊ စာသင်ဆောင်မရှိသည့် ကျောင်းသားများ၊ အလုပ်မရှိသောမိဘများ၊ ပုန်းကွယ် နေရသည့်သူများ၊ ကြောက်မက်ဖွယ်အဖြစ်အပျက်များကြောင့် စိတ်ဒဏ်ရာရရှိသွားသူများ၊ အဖက်ဖက်မှ ယိုယွင်းနေသည့်အခြေအနေများကြောင့် ဒုက္ခရောက်နေသူများစသည်ဖြင့် ကိုယ်စီကိုယ်စီရှင်သန်နေကြရသည်။ အချို့ရက်များတွင် လဲပြိုလုနီးပါးဖြစ်သွားသော်လည်း ယနေ့အထိရှင်သန်ရပ်တည်နိုင်ကြသေးသည်။ ဤသို့အရှုံးမပေးခြင်းက အောင်မြင်ခြင်းဖြစ်နေပါသည်ဟု ကျွန်ုပ်ပြောလိုပါသည်။ ထိုသို့သော သူများအတွက် ကျွန်ုပ်တို့ ဂုဏ်ပြုလျက်၊ ထောက်မကူညီသင့်ပါသည်။

ကျွန်ုပ်၏မျက်ရည်များသည် ဝမ်းနည်းပူဆွေးမှုတစ်ခုတည်းကြောင့်ကျနေရခြင်းမဟုတ်ပါ။ ဤမျက်ရည် များသည် ခက်ခဲကျပ်တည်းသောအခြေအနေ၌ လုပ်စရာရှိသည်များကို ပြီးမြောက်အောင်လုပ်ဆောင် နိုင်ခဲ့သော သူတို့၏မြော်လင့်ခြင်း၊ ကျေးဇူးတင်ခြင်း ဟူသောအရာကိုဖော်ပြနေခြင်းလည်းဖြစ်သည်။ ထိုသူတို့၏မဆုတ်မနစ်ကြိုးစားခြင်း၊ ဇွဲသတ္တိတို့ထဲမှ ဘုရားသခင်၏ကြီးမားသောဝိညာဉ်တန်ခိုးကို ကျွန်ုပ် တွေ့မြင်နေရပါသည်။ နောက်ကွယ်မှကူညီဖေးမပေးနေသည့် စေတနာရှင်များ၊ မေတ္တာရှင်များ၏အထဲမှ ယေရှု၏ ချစ်ခြင်း၊ ကြင်နာသနားစိတ်ကို ကျွန်ုပ်အသိအမှတ်ပြုလိုပါ၏။ ဒုက္ခဝေဒနာကြုံတွေ့နေရသူများ ကြောင့် ကျွန်ုပ်နှလုံးသားနာကျင်နေရသလို၊ နေ့စဉ်ရှင်သန်ရုန်းကန်ရင်း ဘဝရည်မှန်းချက်များကိုကြိုးစား ဖော်ဆောင်နေသူတို့၏စိတ်ခွန်အားကိုလည်း ကျွန်ုပ်ချီးကျူးအတုယူမိပါသည်။

ရဲရင့်၍အရှုံးမပေးသော မြန်မာပြည်သူများအတွက် ဘုရားရှင်ထံမှ ကွယ်ကာခြင်း၊ ခွန်အားပေးခြင်းများ ရရှိပါစေကြောင်း၊ သင်တို့သည်လည်း ယေရှုခရစ်တော်ထံ မျက်နှာမူလျက်၊ ယုံကြည်ခြင်းဖြင့်ဘုရားနှင့် အတူ မှန်ကန်သည့်အရာ၊ ကောင်းမြတ်သည့်အရာ၊ စစ်မှန်သည့်အရာများကို ဆက်လက်ပြုလုပ်နိုင်ပါစေ ကြောင်းဆုမွန်ကောင်းတောင်းပေးလိုပါ၏။

"ငါတို့၌ပြုပြင်သောတန်ခိုးတော်အတိုင်း၊ ငါတို့တောင်းပန်ကြံစည်သမျှထက်အလွန်ထူးခြားစွာပြုခြင်းငှါ တတ်နိုင်တော်မူသော ဘုရားသခင်သည်၊ ယေရှုခရစ်အားဖြင့် အသင်းတော်၌ ကမ္ဘာအဆက်ဆက် ဘုန်းကြီးတော်မူစေသတည်း။ အာမင်" (ဧဖက်သြဝါဒစာ ၃း၂၀-၂၁)

အားလုံးကိုအစဉ်သတိရလျက်၊ ဆုတောင်းပေးနေပါသည်။

ခရစ်တော်၏ချစ်ခြင်းမေတ္တာဖြင့်

Dr. Tim @ ဦးထင်ကျော်

သိက္ခာတော်ရဒေါက်တာ Timothy C. Geoffrion သည်ခရစ်ယာန်အမှုတော်ဆောင်တစ်ဦးဖြစ်၍ ဓမ္မသစ်ကျမ်းဆိုင်ရာ ဒေါ့်ပါမောက္ခအဖြစ် ရန်ကုန်မြို့တွင် ၂၀၀၇ ခုနှစ်ကတည်းက အစေခံသင်ကြား ပေးနေသူဖြစ်သည်။

See Translation

FHLGLOBAL.ORG